ရန်ကုန် - ၂၅ ဩဂုတ်လ ၂၀၂၀

**ရခိုင်ပြည်နယ်တွင် COVID-19 ကူးစက်ပျံ့နှံ့မှုဆိုင်ရာ ထုတ်ပြန်ချက်**

ကုလသမဂ္ဂနှင့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများလုပ်ကိုင်နေသော နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့် မကြာသေးမီအချိန်က၌ မြင့်တက်လာခဲ့သော COVID-19 ရောဂါ တွေ့ရှိမှုများအတွက် စိုးရိမ်မှုများဖြင့် စောင့်ကြည့်လျက်ရှိပြီး COVID-19 တုံ့ပြန်ရေးလုပ်ငန်းများအပြင် ရခိုင်ပြည်နယ်ရှိ လူသားချင်းစာနာမှုဆိုင်ရာ စိန်ခေါ်မှုများကို ဆောင်ရွက်ရာတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံအား ဆက်လက်ပံ့ပိုးကူညီမည့် ၎င်းတို့၏ ကတိကဝတ်ကို ထပ်လောင်း အတည်ပြုလိုပါသည်။

မြန်မာနိုင်ငံတွင် COVID-19 စတင်ပျံ့နှံ့ခဲ့သော မတ်လနှောင်းပိုင်းမှစ၍ ရခိုင်ပြည်နယ်တွင် ဓာတ်ခွဲအတည်ပြု လူနာပေါင်း ၉၆ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အတည်ပြုခဲ့ပါသည်။ ၎င်းတို့အနက် ၈၀ ဦးကို ဩဂုတ်လ ၁၆ ရက်နေ့မှ ၂၅ ရက်နေ့အတွင်း တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ၈၂ ဦးမှာ ပြည်တွင်း ကူးစက်မှုဖြစ်ပါသည်။

ကုလသမဂ္ဂနှင့် ယင်း၏ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဖော်ကိုင်ဖက်များသည် ရခိုင်ပြည်နယ်နှင့် အခြားဒေသများရှိ နေရပ်စွန့်ခွာတိမ်းရှောင်ရသူများ နေထိုင်ရာ စခန်းများနှင့် ယာယီခိုလှုံရာနေရာများတွင် နေရပ်စွန့်ခွာတိမ်းရှောင်ရသူများအတွက် COVID-19 ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပါသည်။ ရောဂါပိုးကြောင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များအကြောင်း အသိပညာ မြှင့်တင်ခြင်း၊ ရောဂါကာကွယ်ရေးဆိုင်ရာ အစီအမံများ မြှင့်တင်ဆောင်ရွက်ခြင်း၊ အဓိက လိုအပ်သော ကျန်းမာရေးနှင့် ညီညွတ်သည့် ကူးစက်ရောဂါ ကာကွယ်ရေးဝတ်စုံများကိုလည်း ဖြန့်ဝေပေးခဲ့ပါသည်။

အလှူရှင်များ၏ ပံ့ပိုးမှု၊ အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကုလသမဂ္ဂနှင့် လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်း အဖွဲ့အစည်းများသည် ရေနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် ပံ့ပိုးပေးခြင်း၊ အမိုးအကာနှင့် အစားအစာမဟုတ်သော အခြားအခြေခံ ပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ အစားအစာနှင့် အာဟာရဆိုင်ရာ ပံ့ပိုးပေးခြင်း၊ ပညာရေးကို လက်လှမ်းမီစေခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု နှင့် ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ အပါအဝင် လိုအပ်နေသူများအတွက် ရှင်သန်နေထိုင်နိုင်ရေးအတွက် အကူအညီပေးခြင်းများကို ရခိုင်ပြည်နယ် တဝန်းရှိ လူဦးရေ ၆၇၀၀၀၀ နီးပါးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် မကြာသေးမီက တွေ့ရှိသည့် COVID-19 ဓါတ်ခွဲအတည်ပြုလူနာများထဲတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ရန်ပုံငွေ နှင့် အစီအစဉ်များ နှင့် အစိုးရမဟုတ်သည့် နိုင်ငံတကာ အဖွဲ့အစည်းများမှ

ရန်ကုန် - ၂၅ ဩဂုတ်လ ၂၀၂၀

ဝန်ထမ်းများ ပါဝင်ပြီး ယခုအချိန်တွင် ဆေးရုံ၌ ကုသမှုများကို ခံယူလျက်ရှိပါသည်။ ရောဂါပိုးရှိသူနှင့် တိုက်ရိုက်ထိတွေ့သူများအပါအဝင် တဆင့်ခံ ထိတွေ့သူများကိုလည်း ပြည်ထောင်စု အစိုးရနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့က ချမှတ်ထားသည့် စည်းမျဉ်းများအတိုင်း အသွားအလာကန့်သတ်ထားလျက် ရှိပါသည်။

ရခိုင်ပြည်နယ်နှင့် အခြားဒေသများတွင် ကုလသမဂ္ဂအဖွဲ့အစည်းများအားလုံး၊ နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများသည် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများ၊ COVID-19 အန္တရာယ် အသိပေးခြင်းနှင့် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများကို အစိုးရ နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တို့က ထုတ်ပြန်ထားသည့် ထိတွေ့မှုများရှောင်ကြဉ်ခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ရောဂါကာကွယ်မှု အစရှိသည့် ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များကို လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိပြီး ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ထပ်လောင်း ပြောကြားလိုပါသည်။

ကုလသမဂ္ဂနှင့် လုပ်ဖော်ကိုင်ဖက်များသည် ရခိုင်ပြည်နယ်ရှိ လူထုအပါအဝင် COVID-19 ကူးစက်ခံရသူ အားလုံးနှင့် တသားတည်းရှိပါကြောင်းနှင့် COVID-19 သည် လူမျိုးနှင့် ဘာသာရေးအကြား ခွဲခြားမှုမရှိသည့် ဘုံရန်သူဖြစ်ကြောင်း ပြောကြားလိုပါသည်။

*ဆက်သွယ်မေးမြန်းရန်*
*Valijon Ranoev*
*OCHA, ranoev@un.org, +၉၅၉၇၉၇၀၀၇၈၁၅*